# ဒို့ရွာရေကန်



သရုပ်ဖော်ပန်းချီ.... ဆရာလေး

Australian Aid
DANIDA
EUROPEAN UNION
NORWEGIAN EMBASSY
UKaid from the British people
unicef unite for children

# ကျေးဇူးတင်ရှိခြင်း

ဤစာအုပ်သည်လူငယ်များအတွက် ဘဝတွက်တာအခြေခံကျွမ်းကျင်မှုများရရှိစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်နိုင်ရန် ရည်ရွယ်ပါသည်။ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာတန်ဆောင်အဖွဲ့ UNICEFတို့ ပူးတွဲအကောင်အထည်ဖော်လျက်ရှိသည့် ရပ်ရွာအခြေပြုကျောင်းပြင်ပရောက်ကလေးများအတွက် စဉ်ဆက်မပြတ်တိုးချဲ့ပညာသင်ယူခြင်း အစီအစဉ်(EXCEL)တွင်ပါဝင်သောကလေးများကိုယ်တိုင်ပါဝင်ပြီး Mr.GregoryCarl (ဘဝတွက်တာအခြေခံကျွမ်းကျင်မှုပညာပေးခြင်း အစီအစဉ်အတိုင်ပင်ခံပုဂ္ဂိုလ်)၏ဦးဆောင်မှု၊ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ ကရုဏာမြန်မာလူမှုရေး အသင်း၊မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပြင်မဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၊ သီရိမေအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးသမအသင်း၊ တီးတိန်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ ကျောင်းပြင်ပမူလတန်းပညာရေး စသည်တို့မှပံ့ပိုးကူညီမှုဖြင့် ဖန်တီးထုတ်လုပ်ထားခြင်းဖြစ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အားသွန်ခွန်စိုက်ပါဝင်ခဲ့ကြသော ဇာတ်လမ်းပြုစုသူများဖြစ်ကြသည့် မဟီးမိုး (ဒီမောဆိုး)၊ မောင်ဖရီးရယ်(ဒီမောဆိုး)၊ မောင်ဂျပ်စတင်းငယ်ငယ်(ဒီမောဆိုး)၊ မဖြူအောင် (သထုံ)၊ မမီးပု(သထုံ)၊ မောင်ထွန်းအောင်ကျော်(သထုံ)၊ မရီရီဝင်း(လှိုင်သာယာ)၊ မောင်သန်းဇော် (လှိုင်သာယာ)၊ မောင်ဝင်းကိုကိုထွန်း(လှိုင်သာယာ)၊ မောင်မျိုးဇင်နိုင်(လှိုင်သာယာ)၊ မောင်မျိုးဝင်းအောင် (လှိုင်သာယာ)၊ မောင်ဇေယျာလင်း(ကော့မှူး)၊ မခင်စောမူ(ကော့မှူး)၊ မခိုင်သဇင်မိုး(ကော့မှူး)၊နန့်ဥမ္မာထွေး(မြောင်းမြ)၊နော်အယ်ဒိုလား (မြောင်းမြ)နှင့် ဆရာ ဦးအောင်ကျော်ကျော်တို့အား ကျေးဇူးတင်ရှိပါသည်။

ထို့အပြင် ဤစာအုပ်ပြုစုရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတွင်လည်းကောင်း၊ ကွင်းဆင်းစမ်းသပ်မှုပြုလုပ်ရာတွင်လည်းကောင်း၊ ပါဝင်ကူညီပေးခဲ့သည့် ပညာတန်ဆောင်အဖွဲ့ဝင်များ၊ NGO အဖွဲ့ဝင်များ၊EXCELအဖွဲ့ဝင်များ၊ မြို့နယ်ကြီးကြပ်ရေးမှူးများ၊ ရပ်ရွာအဆင့်ကူညီပံ့ပိုးသူများနှင့် ကျောင်းပြင်ပကလေးများအားလုံးတို့အား အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

# အမှာစာ

ဒီစာအုပ်မှာ လူငယ်လူရွယ်တွေ ကြုံရလေ့ရှိတဲ့ အကြောင်းအရာများ၊ အခက်အခဲများ၊ ဖြေရှင်းပုံများကို ဇာတ်လမ်းဖြစ်အောင်ပြုစုထားပါတယ်။

ဒီစာအုပ်ကိုဖတ်ပြီး နောက်ဆက်တွဲမေးခွန်းတွေကို ဖြေကြည့်ခြင်း၊ လူငယ်အချင်းချင်း စုပေါင်းဆွေးနွေးခြင်းများ ပြုလုပ်ကြဖို့လဲ မေတ္တာရပ်ခံပါတယ်။

လူငယ်များဘဝတွက်တာသိမှတ်စရာတွေ တိုးတက်လာအောင် ဇာတ်လမ်းကို သေသေချာချာ ဖတ်ပါ။ နောက်ဆက်တွဲမေးခွန်းတွေကို ဖြေကြည့်ပါ။ သိရှိလာတဲ့ အသိပညာ၊ သတင်းအချက်အလက်တွေကို နေ့စဉ်ဘဝမှာပြန်လည်ပြီး လက်တွေ့အသုံးပြုပါ။

အခက်အခဲပြဿနာတွေကို လူငယ်တို့ ရင်ဆိုင်ဖြေရှင်းနိုင်စေဖို့ ဒီစာအုပ်က ဘဝလမ်းညွှန်အဖြစ် အကူအညီ ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။



တစ်ခါတုန်းက အေးချမ်းသာရွာရဲ့တောင်ဖက်ဖျားမှာ တစ်ရွာလုံးကသောက်သုံးကြတဲ့ ရေကန်ကြီး တစ်ကန်ရှိတယ်။
ရေကန်ဘောင်ပေါ်ကညောင်ပင်ကြီးမှာ ရုက္ခစိုးကျောင်းဆောင် လည်းရှိတယ်။


ရွာသားတွေဟာ ရေကန်ဘောင်ပေါ်မှာ အဝတ်လာလျှော်ကြတယ်။ ရေကန်အနားမှာ သစ်ပင်ကြီးတွေရှိတော့ သစ်ရွက်တွေက ရေကန်ထဲကိုကျတာပေါ့။ ကန်ဘေးမှာလည်း အမှိုက်တွေ လာပုံထားကြတော့ အမှိုက်ပုံကအမှိုက်တွေကလည်း လေတိုက်တဲ့အခါ လွင့်ပါပြီး ရေကန်ထဲကို ဝင်ကုန်တာပေါ့။
အသက်ရှူ ကျပ်လိုက်တာ
အဲဒီကန်ထဲမှာရှိနေတဲ့ငါးလေးတွေကတော့ သူတို့ရှိနေတဲ့ကန်ထဲကို ဆပ်ပြာရေတွေကျလာတဲ့အခါ ရေတွေနောက်လာပြီး။ အမှိုက်တွေကလည်းများလာတော့သူတို့စိတ်ညစ်လာကြတာပေါ့။
ကြာလာရင် မလွယ်ဘူး
လာပြန်ပြီ ဟေ့

တစ်နေ့တော ရွာသားဖိုးထူး ရေလာခပ်တဲ့အခါ ကန်ထဲကရေတွေကလည်း တစ်နေ့ထက်တစ်နေ့ပိုပြီး နောက်လာတာကို သတိပြုမိတယ်။ ရွာသားတွေကလည်း ရေကန်မှာ အဝတ်တွေလျှော်ကြ၊ ရေချိုးကြနဲ့ ကန်နားမှာအမှိုက်ပုံတွေကလည်း ရှိနေတယ်။ ဒါတွေကို ဖိုးထူးမြင်လိုက်ရတော့ ကန်ထဲကရေတွေတအားညစ်ပတ်ပါပြီလို့ စိတ်ပူသွားတယ်။ အဲဒီအချိန်မှာပဲ လူတစ်ချို့ငါးမျှားနေတာကို တွေ့လိုက်ရတယ်။




ဒီလိုနဲ့ရက်အနည်းငယ်ကြာလာတော့ရွာသားတွေဟာ နေမကောင်းဖြစ်လာကြတယ်...
တစ်ချို့က ယားနာတွေဖြစ်တယ်၊ တစ်ချို့က ဝမ်းပျက်ဝမ်းလျှောဖြစ်တယ်၊ တစ်ချို့ကတော့
ဖျားနာ၊ ဗိုက်အောင့်၊ဗိုက်နာတွေဖြစ်ကြတယ်။
ဟင်း..ဟင်း..ချမ်းလိုက်တာ
၁၀ ခါ
ရှိပြီဗျို့....
အင်း... ယားလို့ကုတ်ရတာ
ပေါက်ပြဲကုန်ပါပြီတော့
အား...
ဗိုက်အောင့်တယ်.....


တစ်ရွာလုံးလိုလို ရောဂါတွေဖြစ်နေကြလို့ရွာလူကြီးက မွှာရုံမှာအစည်းအဝေးခေါ်လိုက်တယ်။
ရွာမှာယခုလိုဝမ်းပျက်၊ ဝမ်းလျှောဖြစ်တာ
အော့အန်ပြီး နေမကောင်းဖြစ်တာ၊
ဗိုက်နာ၊ဗိုက်အောင့်၊ဖျားနာနေတာ
တွေဟာ ရွာသားတွေအနေနဲ့
အခုလိုဘာကြောင့်ဖြစ်နေကြတယ်၊
ဘယ်လိုလုပ်ကြရင်ကောင်းမလဲ
ဆိုတာကိုတိုင်ပင်ချင်လို့
အစည်းအဝေးခေါ်လိုက်
ရတာ၊ “ပြောကြပါအုံး”


ကျွန်မကတော့အများအယွင်း
တစ်ခုခုလုပ်မိလို့ပဲထင်တယ်၊
ငါလဲအဲ့ဒီလိုထင်လို့ဗေဒင်မေးပြီး ညောင်ပင်က
ရုက္ခစိုးကိုပူဇော်ပြီးပြီလေ၊ ဘာမှမထူးပါဘူးတော်


ငါကတော့အစားအသောက်ကြောင့်များဖြစ်သလားလို့ထင်မိတယ်။
ငါတို့စားနေတာကလည်းကိုယ့်ခြံထဲကရတဲ့လတ်ဆပ်တဲ့အသီးအနှံတွေပဲလေ၊
ကျွန်တော့်သားလေးကတော့ကစားပြီးကန်ရေကိုသောက်ခဲ့တယ်ညကျတော့ဝမ်းလျှောတာပဲ၊ ဒါကြောင့်ရေကြောင့်များလားလို့ထင်မိတယ်၊
ကျွန်တော်လည်းရေမသန့်လို့ဘဲထင်တယ်
ကျွန်မလည်း အဲ့ဒီလိုပဲထင်တယ်၊ ကျွန်မဖတ်ဖူးတဲ့စာစောင်တွေမှာလည်းမသန့်တဲ့ရေကိုသောက်မိရင်၊ မသန့်တဲ့ရေထဲကငါးတွေကိုစားမိရင် ဝမ်းပျက်ဝမ်းလျှောဖြစ်တာ၊ အော့အန်တာတွေ ဖြစ်တတ်တယ်လို့ သိရတယ်။ ရေမသန့်ရင်ကျိုချက်သောက်ရမယ်လို့လည်း သိထားပါတယ်။


ကျွန်တော်တက်ခဲ့တဲ့ ကျောင်းပြင်ပသင်တန်းမှာ ရေမသန့်တာသောက်မိရင် ဒီလို ရောဂါတွေဖြစ်တယ်လို့ သင်ခဲ့ရတယ်။ ကျွန်တော့်အမြင်ကတော့ ကျွန်တော်တို့ သုံးနေကြတဲ့ကန်ရေဟာ အရင်တုန်းကလို မသန့်ရှင်းတော့ဘူး၊ ရွာသားတွေက အဲ့ဒီနားမှာပဲ အဝတ်လျှော်၊ ရေချိုး၊ တိရစ္ဆာန်တွေရေချိုး၊ အမှိုက်တွေပုံနေတော့ ရေတွေညစ်ပတ်ကုန်တာပေ့ါ၊ ကန်ရေမသန့်လို့ဖြစ်တယ်လို့ပဲကျွန်တော်ထင်တယ်။
အဲ့ဒါဆိုရင် ကျွန်ုပ်တို့တစ်ရွာလုံးအားထားရတဲ့ ဒီကန်ကြီးဟာ ယခုရွာသားတစ်ချို့ပြောတဲ့အတိုင်း ညစ်ပတ်နေတဲ့အတွက် ရွာသားအားလုံးက တာဝန်အသီးသီးခွဲဝေပြီး ဒီတစ်ပတ်အတွင်းမှာ ဝိုင်းဝန်းပြီး သန့်ရှင်းရေး လုပ်ကြရအောင်၊ သဘောတူပါသလားခင်ဗျာ။
သဘောတူပါတယ်......

ရွာသားအားလုံးဟာ တက်ညီလက်ညီနဲ့ တာဝန်တွေခွဲဝေပြီး ရေကန်ကို သန့်ရှင်းရေးတွေ လုပ်ကြတယ်၊ ကန်ထဲကအမှိုက်တွေကို တစ်ချို့ကဆယ်ပြီး ရေချိုး၊ အဝတ်လျှော်ရမယ့်နေရာ၊ အမှိုက်ပုံရမယ့်နေရာတွေ သတ်မှတ်ပြီး ရေတုံကင်ထားမယ့်နေရာတွေကိုအသီးသီး အဖွဲ့လိုက်ဆောင်ရွက်ပြီး ကျွဲ၊ နွား တိရစ္ဆာန်တွေ မဝင်နိုင်အောင် ရေကန်ကြီးတစ်ခုလုံးကို ခြံစည်းရိုးခတ်လိုက်ကြတယ်။



ရေကန်ထဲကငါးလေးတွေကလည်း



ဟူး ...
အခုမှပဲအသက်ရှူလို့
ဝတော့တယ်။

# ဒို့ရွာရေကန်



၁။ ဒီဇာတ်လမ်းက ဘာအကြောင်း ရေးထားတာလဲ။

၂။ ကန်ရေမသန့်ရှင်းခဲ့ရင် ဘာတွေဖြစ်မလဲ။

၃။ ကန်ရေသန့်ဖို့ ဘာတွေလုပ်ရမလဲ။

၄။ ကန်ရေသန့်ရင် ဘာအကျိုးကျေးဇူးတွေရမလဲ။



၅။ ကန်ရေသန့်အောင် သင်ဘာတွေလုပ်နိုင်သလဲ။

# ကျောင်းပြင်ပကလေးများ ကိုယ်တိုင်ပြုစုထားသော စာအုပ်များ

